- စာပို့တိုက်သမိုင်း တစေ့တစောင့် ငဲ့စောင်းကြည့်ရာဝယ်



ကိုလိုနီခေတ် ရန်ကုန်စာတိုက်ကြီး

# စာပို့တိုက်သမိုင်း တစေ့တစောင့် ငဲ့စောင်းကြည့်ရာဝယ်

08 May, 2018 By mdn
သတင်း ဆောင်းပါးများ

၈ မေ

စာပို့တိုက်လုပ်ငန်းဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ဖြစ်သော်လည်း စာပို့ခြင်းလုပ်ငန်းအား သုံးစွဲသူအားကိုးသူနည်းပါးခြင်းသည် လူမှုနယ်ပယ်တွင် အဓိက စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိနေကြောင်း

တွေ့ရှိရသည်။ စာပို့ခြင်းလုပ်ငန်းသည် စာနှင့်ပါဆယ် (Parcel) အား သင့်ထံ မှ ကျွန်ုပ်ထံသို့ ပေးပို့ရာတွင် ပေါင်းကူးဆောင်ရွက်ပေးသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ဖြစ်သည်။

## စာပို့ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

ယင်းလုပ်ငန်း စတင်ပေါ်ပေါက်လာပုံကို ပြန်ပြောင်း လေ့လာကြည့်မည့်ဆိုလျှင် ကမ္ဘာတစ်ဝန်းမှ စတင်ဆောင်ရွက်မှု အခြေအနေနှင့် မြန်မာနိုင်ငံအတွင်း စတင်ဆောင်ရွက်မှုအခြေ အနေတို့ကို ယှဉ်ထိုးနှိုင်းယှဉ်ကြည့်ရမည် ဖြစ်ပါသည်။ စတင် ဆောင်ရွက်ခြင်းမှာ နှစ်များစွာမကွာခြားသော်လည်း တိုးတက် သုံးစွဲမှုကွာခြင်းသည် သမိုင်း အထောက်အထားများအရ သော်လည်းကောင်း လက်ရှိဝန်ဆောင်မှု၏ လူသားအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာများ ကွာဟမှုတို့ကြောင့် ဖြစ်နိုင်ခြေအများဆုံး ရှိနိုင်ပါသည်။ လွန်လေပြီးသော အဆီးရီးယား၊ အီဂျစ်၊ ဗက်ဗီလုံနိုင်ငံကြီးများ ထွန်းကားခဲ့စဉ်က ကျယ်ပြောလှသည့် အင်ပါယာအရှင် ကြီးများက မိမိတို့ပိုင်နယ်ကျယ်ဝန်းမှု တည်တံ့ခိုင်မြဲစေရန် အလို့ငှာ အရှေ့ ၊ အနောက်၊ ဝဲ၊ ယာတို့တွင် ဗဟိုဆက်သွယ်ရေး မဏ္ဍိုင်ပြု၍ လမ်းများဖောက်လုပ်ပြီး စာပို့ဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့လေသည်။ ဘီစီ-၇၀၀ ခန့်တွင် အဆီးရီးယားဘုရင်ဖြစ်သော ဒုတိယ ဆာဂွန်ဘုရင်ကြီးသည် အင်ပါယာ ထူထောင်အုပ်ချုပ်စိုးမိုးရာတွင် အမိန့်တော်စာချွန်တော်များ၊ ပြန်တမ်းများထုတ်ရာတွင် လည်းကောင်း၊ လက်အောက်ခံများ၏ အစီရင်ခံစာများ၊ လက်ဆောင်ပဏ္ဏာများ ဆက်သွင်းရာတွင်လည်းကောင်း လွယ်ကူစေရန် စာပို့လုပ်ငန်းကို စတင်တီထွင်ခဲ့သည်ဟု လေ့လာသိရှိ မှတ်သားရပါသည်။

## လက်ဆင့်ကမ်းစာပို့လုပ်ငန်း

ထိုမှတစ်ဆင့် အဆင့်ဆင့်လက်ဆင့်ကမ်း၍ စာပို့လုပ်ငန်းအရေးပါပုံကို သိရှိလာကြသော နိုင်ငံအသီးသီးသည် ပို၍လုံခြုံသော၊ ပို၍လျင်မြန်သော စာပို့စနစ်များကို ဆန်းသစ်တီထွင်ပြီး ဆောင်ရွက်ခဲ့ကြပါသည်။ စာပို့လုပ်ငန်း၏ ဝေးကွာသော ခရီးစဉ်များ ဒေသကွဲပြားမှုများကို အခြေခံ၍ တစ်ထောက်နား စခန်းဖြစ်သော စာပို့တိုက်များကို အချက်အချာကျသော နေရာများတွင် ရွေးချယ်တည်ဆောက်ပြီး လက်ဆင့်ကမ်းစာပို့ လုပ်ငန်းကို ဆောင်ရွက်ကြလေသည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကပင် စာပို့ခြင်း၊ ပစ္စည်းပို့ခြင်း လုပ်ငန်းများကို ရာစုနှစ်များစွာကပင် ဆောင်ရွက်ခဲ့ကြသည် ။ ခြေလျင်တော် ၊ မြင်းလျင်တော် ၊ လှေလျင်တော်များ ခန့်အပ်ပြီး အမိန့်စာချွန်လွှာများနှင့် လက်ဆောင်ပဏ္ဏာများအား ပေးပို့ လက်ခံခြင်းများကို ဆောင်ရွက်နေမှုသည် စာပို့တိုက်လုပ်ငန်း၏ စတင်မှုဟုပင် သတ်မှတ်ရပေမည်။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားနေ့စဉ် မှတ်တမ်း ပထမတွဲတွင်လည်း ကင်းဝန်မင်းကြီး လန်ဒန်ရောက်ရှိစဉ်က လန်ဒန်စာတိုက်ဌာနသို့ ဝင်ရောက်လေ့လာရန် အစီအစဉ်သီးခြား ပြုလုပ်ပြီး သွားရောက် ကြည့်ရှုရာတွင် မြေအောက်လိုဏ်ခေါင်းများဖြင့် ချောစာပေးပို့ပုံကို အံ့မခန်းမြင်ခဲ့ရသည်ဟု ပါရှိလေ၏။

## မြင်းဖြင့် စာပို့သည်ကို တီထွင်ခဲ့

စာပို့တိုက်သမိုင်းသုတေသီ ပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်သူ ဝီလျံလွိစ် (Willian Leweis) ၏ အဆိုအရ ခရစ်မပေါ်မီ နှစ်ပေါင်း ၅၀၀ ခန့်တွင် ပါရှားဘုရင် ဆိုင်းရပ်စ်သည် ဆီသီယံစစ် (Seythion War) ဖြစ်ပွားစဉ်အတွင်း မြင်းဖြင့်စာပို့သည်ကို တီထွင်ခဲ့သည်ဟု ဆိုပါသည်။ ဆိုင်းရပ်စ်စာပို့လမ်းကြောင်း မှာ (ချောလမ်းကြောင်း) ရှေးခေတ်က ထင်ရှားခဲ့သည့် အေဂျင် ကျွန်းမှ ပါရှားနိုင်ငံသို့ ဖောက်လုပ်ထားသော မင်းလမ်းမကြီး တစ်လျှောက်ဖြစ်ပြီး လမ်းမပေါ်တွင် စာပို့ဌာနပေါင်း ၁၁၁ ဌာန ဖွင့်ထားခဲ့ပါသည်။ အဆီးရီးယားနိုင်ငံ ပျက်သုဉ်းပြီးနောက် ကာလဒီးယန်းနှင့် ဟီဗရူးနိုင်ငံများ ထွန်းကားချိန်အထိ စာပို့ စနစ်မှာ ပျောက်ကွယ်သွားခြင်းမရှိဘဲ ဆက်လက်တည်တံ့ခဲ့ သည်။ ထိုခေတ်က ရွှံ့ပြားများတွင် စာရေး၍ မီးဖုတ်ပြီးနောက် တစ်နယ်မှတစ်နယ်သို့ ပေးပို့ရသည့် စာပို့သမားများ (Postman) များ ရှိခဲ့လေသည် ။ ထိုစာပို့သမားများသည် မြည်းများ၊ ကုလားအုပ်များစီး၍ ပို့ခဲ့လေသည်။

## ခြေမြန်တော်များကို အသုံးပြုခဲ့

အီဂျစ်နိုင်ငံ ဖေရိုဘုရင်များလက်ထက် ယဉ်ကျေးမှု ထွန်းကားခဲ့စဉ်အချိန်ကလည်း ခိုများဖြင့် လည်းကောင်း၊ လက်ဆင့်ကမ်းစနစ်ဖြင့် လည်းကောင်း၊ မြင်းလျင်တော်စနစ်များဖြင့် လည်းကောင်း စာများပို့ခဲ့သည်ဟု သိရှိရပါသည်။ ဂရိခေတ်တွင် စာပို့ရာ၌ ခြေမြန်တော်များကို အသုံးပြုခဲ့လေသည်။ ဂရိခြေမြန်တော်များအနက် ခရစ်မပေါ်မီ ဘီစီ-၄၉၀ ပြည့်နှစ်က ပါရှားနှင့်တိုက်ရသည့် မာရသွန်စစ်ပွဲတွင် ဂရိတို့၏ စစ်အောင်မြင်သည့် သတင်းကို ခြေမြန်တော် ဖိဒစ်ပီဒီး (Pheidippides)က သတင်းပို့ခဲ့လေသည်။ ထိုခြေမြန်တော်ကို ဂုဏ်ပြုသောအားဖြင့် ယခုခေတ် အိုလံပစ်ပြေးခုန်ပစ် အားကစား ပြိုင်ပွဲများတွင် မာရသွန်ပြေးပွဲဟူ၍ ခရီးရှည်အပြေးပြိုင်ပွဲ တစ်ရပ်ကို ထည့်သွင်းကျင်းပခဲ့ပြီး ကမ္ဘာအရပ်ရပ် အားကစား နယ်ပယ်များတွင် ယင်းမာရသွန်ပြိုင်ပွဲကို ထည့်သွင်းကြလေသည်။

## ပြည်တွင်းစာပို့ခနှုန်းများ တူညီစွာသတ်မှတ်

အထူးစိတ်ဝင်စားဖွယ်ရာတစ်ခုမှာ ဒီဗီလေးယား (De Villager)သည် အထူးအမှတ်အသားပါရှိသည့် စာထုတ်ရန် စက္ကူပတ်များကို စ၍ တီထွင်ရောင်းချခဲ့ခြင်းပင် ဖြစ်သည်။ အဆိုပါ စက္ကူပတ်ကိုပတ်ပြီး စာပုံးထဲသို့ ထည့်လိုက်ပါက စာတိုက်မှ အသိအမှတ်ပြုပြီး လိုရာခရီးသို့ ပို့ပေးခဲ့သည်။ လိပ်စာရှင်လက်သို့ မရောက်မီ ထိုစက္ကူပတ်များကို ထပ်မံ မသုံး နိုင်အောင် စာတိုက်အမှုထမ်းများက ဆုတ်ဖြဲပစ်လိုက်လေသည်။ စာတိုက်သမိုင်းတွင် ဤစက္ကူပတ်၍ ပို့သောစနစ်သည် နောင်အခါတွင် ပေါ်ပေါက်လာမည့် စာပို့တံဆိပ်ခေါင်း၏ ရှေ့ပြေး လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ ထိုမှတစ်ဆင့် စာပို့တံဆိပ် ခေါင်းများကို အသီးသီးတီထွင် အသုံးပြုလာခြင်း၏ အစပင် ဖြစ်လေသည်။ စာပို့သူက ငွေပေးရသည့်စနစ် သို့မဟုတ် တံဆိပ် ခေါင်းကပ်၍ ထည့်ရသည့်စနစ်ကို တီထွင်သူမှာ အင်္ဂလိပ်လူမျိုး ရိုလန်ဟေးလ် (Rowland Hill) ဆိုသူ ဖြစ်လေသည်။ ၁၈၃၇ ခုနှစ်တွင် စာပို့ခ တစ်ပြေးညီရရှိစေရန်လည်း အကြံပြုစာများကို ရေးသားပြီး ပြည်သူလူထုက သူ၏အကြံဉာဏ်များကို ထောက်ခံသဘောတူခဲ့ကြလေသည်။ ၎င်း၏ကြိုးပမ်းမှုကြောင့် တံဆိပ်ခေါင်းတစ်ခုလျှင် တစ်ပဲနိကျ ထိုတံဆိပ် ခေါင်းများမှာ ဝိတိုရိယပဲနိဟူ၍ ထင်ရှားလာပြီး ၁၈၄၀ ပြည့်နှစ်တွင် ထိုတံဆိပ်ခေါင်းများ ပေါ်ထွက်လာပြီး ပြည်တွင်းစာပို့ခနှုန်းများကို တူညီစွာ သတ်မှတ်ခဲ့ကြလေသည်။

အင်္ဂလန်တွင် တံဆိပ်ခေါင်းစနစ် ပေါ်ပေါက်ပြီးနောက် အနှစ် ၂၀ အကြာတွင် ၁၈၆၉ ခုနှစ်တွင် ပို့စကတ် (Post Card) စာပို့စနစ် ခေါ်တွင်လာခဲ့သည်။ စတင်အသုံးပြုသည့် နိုင်ငံမှာ ဩစတြီးယားနိုင်ငံဖြစ်သည်။ ပို့စကတ် ပေါ်ထွက်လာပြီးနောက် တစ်ပြိုင်တည်း ရိုးရိုးစာထက် အဖိုးအခသက်သာသဖြင့် တိုတိုနှင့် လိုရင်းကို ရေးသား ပေးပို့လိုသူများ အားပေးမှုကြောင့် တစ်ဟုန်ထိုး အောင်မြင်မှု ရလာလေသည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲအပြီး ၁၈၂၆ ခုနှစ်တွင် တနင်္သာရီတိုင်းသည် အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ပါသည်။ တနင်္သာရီတိုင်းကို ပထမဆုံးဝန်ရှင်တော် မင်းကြီးအဖြစ် မစ္စတာ မိန်းဂီး (Maingy) ဆိုသူက အုပ်ချုပ် သည်။ ၁၈၃၄ ခုနှစ်တွင် မစ္စတာ ဗဂန်ဒယ်ဆိုသူက ဆက်ခံ အုပ်ချုပ်သည်။ သူ၏လက်ထက်တွင် မြန်မာပြည်၌ စာတိုက် ဌာနကို စတင်တည်ထောင်ခဲ့သည်။ စာပို့စနစ်ကို ထူထောင်ခဲ့သော်လည်း အစိုးရကိစ္စနှင့် ပတ်သက်သော စာများ အပေးအယူ လုပ်ငန်းသာ ရှိခဲ့သည်။ ပြည်သူလူထုများတွင် ပြည်တွင်းသို့ လည်းကောင်း၊ ပြည်ပသို့လည်းကောင်း ချောစာများ ပေးပို့နိုင်ခဲ့ခြင်း မရှိပေ။

## မြန်မာမင်းများလက်ထက် စာပို့စနစ်

စာပို့တိုက်လုပ်ငန်းနှင့် ကြေးနန်းဆက်သွယ်ရေးသမိုင်းကို လေ့လာပါမူ ရှေးမြန်မာမင်းများလက်ထက်ကပင် ယင်းစနစ် ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုအချိန်အခါက စာတိုက်၊ ကြေးနန်း စနစ်မျိုး မရှိခဲ့သည်မှန်သော်လည်း ဘုရင့်စာချွန်တော် သယ်ယူပို့ဆောင်ရာတွင် မြင်းလျင်တော်၊ ခြေလျင်တော်၊ လှေလျင်တော်တို့သည် ဘုရင့်စာချွန်တော်ကို လက်ဆင့်ကမ်း စနစ်ဖြင့် လည်းကောင်း၊ တောက်လျှောက်သယ်ယူ၍ လည်း ကောင်း မြို့ ရွာနိဂုံးများကို ဖြတ်ကျော်ပို့ရသည်။ ရှေးယခင်က စာရေးစက္ကူ မပေါ်ပေါက်သေး၍ ပေဖူးလွှာ၊ ထန်းဖူးလွှာများကို စာရေးစက္ကူအစား အသုံးပြုကြသည်ကို တွေ့ရှိရပေသည်။ ပေဖူးလွှာကို သာမန်အရပ်သားများမှာ အိမ်တွင်မထားကြဘဲ အသုံးလိုမှသာ ရှာဖွေအသုံးပြုကြသော်လည်း စာပေပညာရှင် များ၊ ရဟန်းတော်များနှင့် နန်းတွင်းသူ၊ နန်းတွင်းသားများကသာ အမြဲတစေထား၍ စာပေအမျိုးမျိုးကို ရေးသားလေ့ ရှိကြပါသည်။ ပေရွက်များသည် ပျက်စီးလွယ်သဖြင့် လွှတ်တော်ဝန်ကြီးများ၏ စာချွန်တော်များကို ထန်းရွက်နှင့်ရေးသားပြီး မြန်မာမင်းများ ဘုရင့်စာချွန်တော် အမိန့်တော်မှတ်သည့် စာများကို တစ်ကြောင်း စာချွန်ခေါ်၍ ထန်းဖူးတစ်ရွက်လျှင် တစ်ကြောင်းရေးသားလေ့ ရှိသည်။ ဝန်ကြီးမှူးမတ်များက ရေးသားပါက နှစ်ကြောင်းရေးပြီး နှစ်ကြောင်းစာချွန်ဟု ခေါ်ဝေါ် ကြသည်။ ထန်းဖူး၊ ပေဖူးများတွင် ရေးသား၍ ခွေပြီး ကျည်တောက်တွင် ထည့်သွင်းပေးပို့ရသဖြင့် စာခွေဟူ၍ ခေါ်ဝေါ် ကြသည်။ စာခွေဝေါဟာရနှင့် ပတ်သက်၍ ဆင်ဖြူရှင်လက်ထက် နန်းတွင်းစာဆိုအမတ်ကြီး မင်းရာဇာ ရတုတွင် အောက်ပါအတိုင်း ဖွဲ့နွဲ့ထားသည်ကို တွေ့ရှိရပါ သည်။

‘‘ကေသာထုံးပြီး၊ သမီးမကာ၊ ရည်ရပင်ထွက်

လှသည့်ရွက်ဝယ်၊ စုံမက်မြတ်လေး၊ မယ့်လက်ရေး၍

ရပ်ဝေးမြေသာ၊ ခွေစာပေးမြောက်၊ သင့်လောက် တော်လှ၊

ခွေထုံးကျမှု၊ နန်းမှာတထွာ၊ လွှတ်မှာတညို၊ ရုံးမှာတမိုက်

ထိုက်ထိုက်သိမြင်၊ သို့ရာတွင်မူ၊ သခင်တို့မှာ မင်းကြီးလျှာဟု

ခွေစာကျစ်လျစ်၊ ခုနှစ်သစ်ကို၊ ရစ်သည်အစ၊ ကြောကမသတ်

လိပ်မှတ်ထိုးဟန်၊ ပြောင်းပြန်မနေ၊ ဆက်လာစေရှင့်”

သီပေါမင်းလက်ထက်တွင် စက်တင်ပုံနှိပ်ရန် စီစဉ်ပြီးသည့် ဥပဒေများ ၃၂ မျိုးတွင် ငွေတိုက်ဥပဒေ၊ စာတိုက်ဥပဒေ၊ ပြည်သူ့လုပ်ငန်းဥပဒေများ ပါဝင်လေသည်။ ထိုအချိန်က တိုင်းပြည်စီမံအုပ်ချုပ်ရာတွင် ဌာနကြီး ၁၄ ဌာန ခွဲခြားထား ရှိခဲ့လေရာ နိုင်ငံခြားရေးတာဝန်ယူရသော မြောင်လှမြို့စားမင်းကြီး သီရိမဟာဇေယျသူအား ရှိရင်းစွဲတာဝန်အပြင် ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းကိုပါ ပူးတွဲတာဝန်ယူစေသည်။ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်းနှင့် ကုန်းဘောင်ဆက် မဟာရာဇဝင် များထဲတွင်လည်း ကြေးနန်းပညာတော်သင်များကို အိန္ဒိယပြည်နှင့် အောက်မြန်မာပြည် ရန်ကုန်သို့ စေလွှတ်ခဲ့ကြောင်း ပါရှိသည့်အပြင် အင်္ဂလိပ်စာ၊ ပြင်သစ်စာများ တတ်ကျွမ်းသူ အရာရှိများအား အခွန်တော်ဥပဒေ၊ ကြေးနန်းအက်ဥပဒေ၊ စာတိုက်အက်ဥပဒေ၊ မီးရထားအက်ဥပဒေများကို မြန်မာဘာသာပြန်ဆိုရန် တာဝန် ချထားကြောင်းများ ပါရှိကြောင်း ဖတ်ရှုလေ့လာမိပါသည်။ စာပို့တိုက်လုပ်ငန်း ပေါ်ပေါက်လာမှုနှင့် အသုံးပြုမှု၊ အသုံး ဝင်မှုတို့သည် ယနေ့ပြည်သူများအကြား အသုံးပြုနေကြသော်လည်း ရှေးနှစ်ပေါင်းများစွာကပင် စာပို့စနစ်ထွန်းကားလာပြီး ကမ္ဘာနှင့် မြန်မာမှာ စာပို့စနစ်ကို တွင်ကျယ်စွာ အသုံးပြုပြီး စာပို့သမိုင်းကြောင်းအား တစ်စိတ်တစ်ဒေသ စောင်းငဲ့ကြည့် ခြင်းပင် ဖြစ်ပါကြောင်း လေ့လာဖတ်ရှုမိသမျှအား စေတနာမှန်နှင့် ရေးသားတင်ပြအပ်ပါသည်။ ။

ဗိုလ်စော (လုပ်သားများကောလိပ်)

# စာကြည့်တိုက်နှင့် သုတပညာ

Jump to navigationJump to search

**စာကြည့်တိုက်နှင့်သုတပညာ**ဆိုသည်မှာ စာကြည့်တိုက်တစ်ခုကို စနစ်တကျစီမံခန့်ခွဲရန် သင်ကြားပေးသော ဘာသာရပ်တစ်ခုဖြစ်သည်။ စာကြည့်တိုက်သည် လူမှုအဖွဲ့အစည်းယဉ်ကျေးမှုဗဟိုဌာနတစ်ခု၊ သတင်းအချက်အလက်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူမှု ဗဟိုဌာနတစ်ခုဖြစ်သည်။ ထိုကဲ့သို့ဗဟိုချက်တစ်ခုဖြစ်ရန် စာကြည့်တိုက်ကို ကောင်းစွာ ထိန်းကျောင်းတည်ဆောက်နိုင်သည့် စာကြည့်တိုက်မှူးများ မွေးထုတ်ပေးသော ပညာရပ်တစ်ခုဖြစ်သည်။

## မြန်မာနိုင်ငံ[ပြင်ဆင်ရန်]

> ဤဆောင်းပါးကို ရန်ကုန်တက္ကသိုလ်နှင့် ပေါင်းစပ်ရန် အကြံပြုထားပါသည်။ (ဆွေးနွေးရန်)

ပထမဆုံးစာကြည့်တိုက်ပညာအား စတင်လေ့လာခဲ့သူမှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး ဦးခင်ဇော်(K) ဖြစ်သည်။ ဆရာဦးခင်ဇော်သည် ၁၉၃၁ခုနှစ်တွင် စာကြည့်တိုက်ပညာကိုလေ့လာရန် ပညာတော်သင်စေလွှတ်ခံခဲ့သည်။ ပညာတော်သင်ပြန်လာပြီးနောက်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း၌ ဗြိတိသျှတပ်ထဲဝင်သွားခဲ့ပြီး အိန္ဒိယကို ထွက်ခွာသွားခဲ့သောကြောင့် ၁၉၃၈ခုနှစ် စာကြည့်တိုက်ပညာတော်သင်စေလွှတ်ခြင်းခံရသော ဆရာဇော်ဂျီကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ် ခန့်အပ်ခဲ့သည်။[၁] ၁၉၅၃ခုနှစ်မှ ၁၉၅၈ခုနှစ်အထိ စာပေဗိမာန်မှဦးစီးပြီး ရပ်ကွက်စာကြည့်တိုက်အုပ်ချုပ်ရေး (၂)ပတ်သင်တန်းကို (၁၂)ကြိမ်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၉-၆၁ ခုနှစ်ကာလများတွင် နိုင်ငံတကာမှ စာကြည့်တိုက်ပညာရှင်များကို ဖိတ်ခေါ်ပြီး ဟောပြောပွဲများ၊ စာကြည့်တိုက်ဆိုင်ရာဆောင်းပါးများ ရေးသားဖော်ပြလာပြီး စာကြည့်တိုက်လောကကို အမြင်ကျယ်စေရန် လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၅၉ခုနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းအဖွဲ့ချုပ်၏ ကွန်ဖရင့်ကိုကျင်းပနိုင်ခဲ့ပြီး စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ အမျိုးမျိုးကို ဆွေးနွေးနိုင်ခဲ့သည်။ထိုနောက် ၁၉၆၂ခုနှစ်မှ ၁၉၇၂ခုနှစ်အထိ စာကြည့်တိုက်သင်တန်းများ၊ ဆွေးနွေးပွဲများကို အရှိန်ကောင်းကောင်းဖြင့် ဆက်လက်လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၆၈ခုနှစ်တွင် စာကြည့်တိုက်နှီးနှောဖလှယ်ပွဲနှင့် စာကြည့်တိုက်မှူးများဆွေးနွေးပွဲကို ထပ်၍လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၇၁ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စာကြည့်တိုက်နှင့်သုတပညာ အချိန်ပိုင်းဌာနကို စတင်ဖွင့်နိုင်ခဲ့ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းများ သင်ကြားပို့ချခဲ့သည်။ ၁၉၉၇ခုနှစ်တွင်  (Library & Information Studies Department)ဟူ၍အမည်ပြောင်းပြီး အချိန်ပြည့်သင်တန်းတစ်ခုအဖြစ်သို့ တိုးတက်ကူးပြောင်းလာခဲ့ပြီး လက်ရှိအချိန်ထိ စာကြည့်တိုက်ပညာရှင်များကို မွေးထုတ်ပေးနေသော ဌာနအဖြစ် ရပ်တည်နေသည်။ [၂][၃]၂၀၀၀ပြည့်နှစ်တွင် ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ်နှင့် မန္တလေး ရတနာပုံတက္ကသိုလ်တို့၌ ဘွဲ့ကြိုသင်တန်းများ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင်လည်း ၂၀၁၅ခုနှစ် ဒီဇင်ဘာမှစ၍ ဘွဲ့ကြိုသင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စာကြည့်တိုက်နှင့်သုတပညာတွင် ပါဝင်သည့်ဘာသာရပ်များမှာ

- a. Knowledge organization
- b. Library studies
- c. Information architecture
- d. Information behavior
- e. Interactive information retrieval
- f. Information systems
- g. Scholarly communication

- h. Digital literacy (cf information literacy)
- i. Bibliometrics or scientometrics
- j. Interaction design and user experience"
- k. Digital library
- l. Information seeking and Information retrieval
- m. Library management and promotion
- n. Knowledge management
- o. Knowledge organization
- p. Information literacy and learning
- q. Library and society in a historical perspective (Library history)
- r. The Information society: Barriers to the free access to information
- s. Cultural heritage and digitization of the cultural heritage (Digital preservation)
- t. The library in the multi-cultural information society: International and intercultural communication
- u. Edification of culture in a special European context တို့ဖြစ်သည်။
ပါဝင်သည့်အချို့ပညာရပ်များကို ပြည့်စုံစွာသင်ကြားနိုင်ရန် ဆက်လက်အားထုတ်လျက်ရှိပါသည်။[၄][၅]

## *ကိုးကား[ပြင်ဆင်ရန်]*


1. ↑ Library
2. ↑ East Yangon University: Library and Information Studies
3. ↑ Department of Library and Information Studies
4. ↑ စာကြည့်တိုက်နှင့်သုတပညာ - ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၀၀ခုနှစ်
5. ↑ မောင်ကောင်းမြင့် ခေတ်ဟောင်းခေတ်သစ်စာကြည့်တိုက်ခရီး (၁၀၅၇ - ၁၉၇၃)


# စာကြည့်တိုက်နှင့် ပုံနှိပ်ထုတ်ဝေမှုများ



နိုင်ငံရပ်ခြားတွင် ပုံနှိပ်ထုတ်ဝေ ပြီး ပြည်တွင်းတွင် လွယ်လင့်တကူမရနိုင်သည့် မြန်မာပြည်လေ့လာရေးဆိုင်ရာ ပညာရပ်စာတမ်းများ (ဆောင်းပါးရော စာအုပ်များပါ) သုတေသနစာကြည့် တိုက်တွင် အခမဲ့ အသုံးပြုနိုင်ပါသည်။ အိမ်နီးချင်း အရှေ့တောင်အာရှ တိုင်းပြည်များအကြောင်း ပုံနှိပ်ထုတ်ဝေသည့် ကျမ်းရင်းများ အပါအဝင် လူမှုသိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ် နယ်ပယ်အသီးသီးဆိုင်ရာ ပြဌာန်း စာအုပ်များ လည်း ထားရှိပေးထားပါသည်။ Penny and John Van Esterik, Rosalia Sciortino and O'ong Maryona, Alan Feinstein, and Patrick McCormick မှလည်း စာအုပ်များကိုလှူဒါန်းထားတဲ့အတွက် Inya Institute မှ ကျေးဇူးတင်ရှိပါသည်။

သုတေသန စာကြည့်တိုက်သည် သုတေသန လုပ်ငန်းဆောင်ရွက်နေသူများ သို့မဟုတ် သုတေသနနှင့် နည်းနိဿယပိုင်း ကျွမ်းကျင်အောင် လေ့ကျင့်လိုသူ များအတွက် အမြဲတမ်းတံခါးဖွင့်ထားပါသည်။ အထူးသဖြင့် ပညာရှင်များအား အထူးတလည် ကြိုဆိုပါသည်။ ဆိတ်ငြိမ်သော လေအေးပေးစက်သုံး အခန်းတွင် (optic fiber) အင်တာနက် အခမဲ့ အသုံးပြုနိုင်ပါသည်။

Inya Institute ၏ website တွင် ရှားပါးစာအုပ် စာတမ်းများ ပါရှိသည့် အင်တာနက် စာကြည့်တိုက်တစ်ခု လွှင့်တင်ပေးထားပါသည်။

- **စာကြည့်တိုက်စာအုပ်စာရင်းကို *ဒီနေရာ* မှာ ဒေါင်းလုပ်ရယူနိုင်ပါသည်။**
- **အွန်လိုင်းစာကြည့်တိုက်ကို *ဒီနေရာ* မှ သွားရောက်လေ့လာနိုင်ပါသည်။**

(Gladys Krieble-Delmas Foundation, NY မှ ထောက်ပံ့ပေးထားပါသည်။)

ဗြိတိသျှစာကြည့်တိုက် ရှားပါးမော်ကွန်းများ စုဆောင်းထိန်းသိမ်းသည့် အစီ အစဉ်မှ ဘဏ္ဍာငွေ ထောက်ပံ့ပေးထားသည့် စီမံကိန်းတစ်ရပ်တွင် Inya Institute သည် တွဲဖက်အနေဖြင့် မော်ကွန်းစုဆောင်းထိန်းသိမ်းပြီး မြန်မာ ပြည်တွင်းရှိ ဘုန်းကြီးကျောင်းများမှ ပေ၊ ပုရပိုက်များကို စစ်တမ်းကောက်ယူ ရန်လည်း အားထုတ်နေပါသည်။ စီမံကိန်းဆောင်ရွက်သည့် ကာလတစ်

လျှောက်လုံး ဒစ်ဂျစ်တယ် နည်းပညာသုံး ရိုက်ကူးထားသော လက်ရွေးစင် ပေ၊ ပုရပိုက်များနှင့်တကွ စစ်တမ်းကောက် စုဆောင်းထားသော ပေ၊ ပုရပိုက် စာရင်းများကိုပါ Inya Institute ၏ website ပေါ်တွင် ကြည့်ရှုနိုင်စေရန် စီစဉ် ပေးသွားမည် ဖြစ်ပါသည်။

ျမန္မာႏိုင္ငံတြင္ အျခားေနရာေဒသမ်ားရွိ လက္ေရးမူမ်ားအားလည္း အလားတူစြာ ဒစ္ဂ်စ္တယ္စုေဆာင္းမႈသို႔ ထည့္သြင္းမည္ျဖစ္သည္။

ယောခ့် တက္ကသိုလ် (ကနေဒါ) မှ လုပ်ဆောင်နေသည့် မြန်မာဒစ်ဂျစ်တယ် မော်ကွန်း စုဆောင်းရေး စီမံကိန်းတွင် Inya Institute သည် ပြည်တွင်း တွဲဖက် အဖွဲ့အစည်းဖြစ်သည်။ ယင်း စီမံကိန်းမှ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရိုက်ကူး ထားသည့် ပါဠိနှင့်မြန်မာ ပုရပိုက်များနှင့် တစ်ဆယ့်ကိုးရာစုနှင့် နှစ်ဆယ်ရာစုဦး တွင် ထုတ်ဝေခဲ့သည့် စာအုပ်၊ သတင်းစာနှင့် အပတ်စဉ်လစဉ် မဂ္ဂဇင်း၊ ဂျာနယ် များကိုလည်း ရယူအသုံးပြုနိုင်လိမ့်မည် ဖြစ်ပါသည်။

- 
- *ရေရှည်လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်များတွင် ပညာရပ် ဆိုင်ရာ စာအုပ်စာတမ်းများကို အချင်းချင်း အပြန်အလှန် သုံးသပ် အကဲဖြတ်ပြီး ပုံနှိပ်ထုတ်ဝေသွားရန်နှင့် ပညာရပ်နှီးနှောဖလှယ် ပွဲများလည်း ကျင်းပပြုလုပ်သွားရန် ပါဝင်ပါသည်။*
- *သုတေသန နည်းနိဿယပိုင်းဆိုင်ရာ၊ ဘာသာရပ်အလိုက် အထူးပြု စာအုပ်များကိုလည်း အခါအားလျော်စွာ ထုတ်ဝေသွားမည် ဖြစ်ပါသည်။*

***လက်ရှိ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်း***

<u>အင်္ဂလိပ်–မြန်မာ နှစ်ဘာသာပါ လူမှုသုတေသန နည်းနိဿယ လက်စွဲ</u> – ၎င်းလုပ်ငန်း၏ အစိတ်အပိုင်းအနေဖြင့် ယခင် သင်တန်းအတွေ့အကြုံများမှ ရရှိလာသော သင်ခန်းစာများကို အခြေခံကာ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာပါ လူမှုသုတေသန နည်းနိဿယ လက်စွဲစာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပါသည်။

ယင်းစာအုပ်တွင် လူမှုသုတေသန သဘောတရား အနက်အဓိပ္ပါယ်ကို သဘော ပေါက်စေရန် လက်ရှိ မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီသောဥပမာများ၊ လေ့ကျင့်ခန်းများ အသုံးပြုကာ အထူးဝါယမစိုက်၍ ရှင်းလင်းပြသထားသည်။ ၎င်းအပြင် စာအုပ်၏ အားသာချက်တစ်ခုမှာ အင်္ဂလိပ်နှင့် မြန်မာ တစ်မျက်နှာစီ ကို ဘေးတိုက်အနေအထား ယှဉ်လျက် စီစဉ်ထားခြင်းဖြစ်သည်။ ၎င်းစီစဉ်ပုံမှာ စာအုပ်ပါ သဘောတရားများကို ပိုမိုကောင်းမွန်စွာ သဘောပေါက်နိုင်ရေး အတွက် လွန်စွာအရေးပါသည်။ ယင်းစာအုပ်အား ရန်ကုန်၊ မန်တလေး၊ ရတနာပုံနှင့်

မော်ုလမ္ဘိုငျတက်ကသိုလျများရှိ ရှေးဟောင်းသုတေသနဌာနများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းအများအပြားထံသို့ ဖြန့်ဖြူးခဲ့ပြီးဖြစ်ပါသည်။

# စာကြည့်တိုက်

Jump to navigationJump to search

စာကြည့်တိုက်သည် ပုံနှိပ်စာအုပ်များ၊ လက်ရေးစာမူများကို လူခပ်သိမ်းတို့လေ့လာရန် စုဆောင်းထားရာဌာန ဖြစ်သည်ဟု ဆိုလေသည်။ ကမ္ဘာပေါ် ရှိ ရှေးအကျဆုံး စာကြည့်တိုက်များသည် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးများဖြစ်၏။ ကမ္ဘာပေါ်တွင် ရှေးဦးစွာ ထိုသို့စုဆောင်းထားသည့် စာအုပ်စာတမ်းများမှာ အစိုးရမှတ်တမ်းများသာ ဖြစ်သည်။ ယဉ်ကျေးသော တိုင်းပြည်များတွင် စာကြည့်တိုက်များကို တွေ့ရသည်။

**_မာတိကာ_**


- ၁ရှေးဟောင်းစာကြည့်တိုက်များ
- ၂ကမ္ဘာကျော် စာကြည့်တိုက်များ
- ၃ယခုခေတ်စာကြည့်တိုက်များ
- ၄ကျောင်းစာကြည့်တိုက်
- ၅မြန်မာနိုင်ငံစာကြည့်တိုက်
- ၆ကိုးကား


## *ရှေးဟောင်းစာကြည့်တိုက်များ[ပြင်ဆင်ရန်]*

ဘီစီ ၆၀၀ ပြည့်နှစ်ခန့်က အဆီးရီးယားဘုရင် အာရှူးဗားနီးပါးသည် ထိုခေတ်က စာအုပ်များဟုဆိုအပ်သည့် ရွှံ့ပြားချပ်အမြောက်အမြားကို နင်နီဗီမြို့တော်ရှိ သူ၏ နန်းတော်တွင်း စာကြည့်တိုက်တွင် စုဆောင်းထားခဲ့သည်။ ထို့ပြင် မကြာမီက ဗက်ဗီလုံးနီးယားပြည် မြို့ဟောင်း တခုတွင် ရှေးဟောင်းအဆောက်အအုံများကို တူးဖော်ရှာဖွေရာ ဘီစီ ၂၅၀၀ ပြည့်နှစ်ခန့်က တည်ဆောက်ခဲ့ဟန်တူသော စာကြည့်တိုက် တခုကို တွေ့ရ၏။ ရှေးဟောင်းစာကြည့်တိုက်များတွင် ရှေးအီဂျစ်နိုင်ငံ တော်လမီဘုရင်များ တည်ခဲ့သော အီဂျစ်ပြည် အယ်လက်ဇန္ဒြီးယားမှ စာကြည့်တိုက်ကြီးသည် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ ရှေးခေတ်နှင့် အလယ်ခေတ် စာကြည့်တိုက်များမှာ ပြည်သူပြည်သားများအတွက် တည်ထောင်ခြင်းမဟုတ်သဖြင့် လူထုသည် စာကြည့်တိုက် များတွင် အလွယ်တကူဝင်ရောက်သွားလာ၍ စာအုပ်များငှားရမ်းခြင်း၊ မပြုနိုင်ကြချေ။ အများအားဖြင့် အလယ်ခေတ် ဘုရားရှိခိုးကျောင်း များနှင့် ဘုန်းကြီးကျောင်းများရှိ စာကြည့်တိုက်များမှ စာအုပ်များကို စာဖတ်စင်များတွင် သံကြိုးများဖြင့် ချည်နှောင်ထားလေသည်။ ယင်းသို့ ပြုလုပ်ရခြင်းမှာ

ထိုခေတ်က ပုံနှိပ်အတတ် မပေါ်သေးသဖြင့် တပင်တပန်း လက်ရေးဖြင့် ကူးယူရသောစာအုပ်များ ပျောက်ပျက်မည် စိုးသောကြောင့် ဖြစ်သည်။

## *ကမ္ဘာကျော် စာကြည့်တိုက်များ*[ပြင်ဆင်ရန်]

လန်ဒန်မြို့ရှိ ပြတိုက်ကြီးများမှ စာကြည့်တိုက်၊ အောက်စဖို့တက္ကသိုလ် ဘော့ဒလီယန် စာကြည့်တိုက်၊ ထရင်နီတီ ကောလိပ်ကျောင်း စာကြည့်တိုက်၊ ကိန်းဘရစ်တက္ကသိုလ်စာကြည့်တိုက်နှင့် ပြင်သစ်နိုင်ငံပါရီမြို့ရှိ နိုင်ငံတော်စာကြည့်တိုက်၊ ရောမမြို့ဗကတီကင်စာကြည့်တိုက်၊ ဝါရှင်တန်မြို့ကွန်ကရက်စာကြည့်တိုက်၊ လီနင်ဂရက်မြို့ရှိ နိုင်ငံတော်စာကြည့်တိုက်များသည် ကမ္ဘာကျော်စာကြည့်တိုက်များ ဖြစ်ကြ၏။ လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးရှိ စာကြည့်တိုက်သည် ပါရီမြို့သို့ နိုင်ငံတော်စာကြည့်တိုက်အတွင်းရှိ ပစ္စည်းများထက် တန်ဖိုးတွင်သာသည်ဟု ဆိုလေသည်။ ထိုစာကြည့်တိုက်တွင် ကျောင်းသားများစာကြည့်ရန်အတွက် အခန်းကျယ်ကြီးတခုရှိ၏။ ထို့အပြင် အဖိုးတန်စာအုပ်များစွာ ပါဝင်သည့် ပုံနှိပ်စာအုပ်ပေါင်း ၄ သိန်းခန့်နှင့် လက်ရေးစာမူပေါင်း ၅၆၀၀၀ ခန့်ရှိ၏။ စာအုပ်စင်များကို ဆက်လိုက်လျှင် ၅၅ မိုင်ခန့် ရှည်လိမ့်မည်ဟုဆိုသည်။ စာကြည့်တိုက်ပြုလုပ်ထားရာ အဆောက်အအုံကြီးကို ၁၈၅၇ ခုနှစ်က ဖွင့်လှစ်ခဲ့လေသည်။ စာကြည့်တိုက်ခန်းတွင် စာအုပ်စင်များ ဝန်းရံစီစဉ်ထားပုံမှာလည်း ခမ်းနား၍ ခေတ်မီပေသည်။ ထွက်ပေါ်သမျှသော စာအုပ်သစ် စာအုပ်ဟောင်းများသို့ ထိုစာကြည့်တိုက်တွင် တွေ့နိုင်၏။ အောက်စဖို့ရှိ ဗော့ဒလီယန် စာကြည့်တိုက်နှင့် အခြားစာကြည့်တိုက်များမှာလည်း ထိုနည်းနှင်နှင် ဖြစ်လေသည်။ အောက်စဖို့တက္ကသိုလ်၏ ရှေးအကျဆုံး စာကြည့်တိုက်ကို ခရစ် ၁၃၃၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထိုနောက် နယ်စားကြီး ဂလောက်စတာစားက နောက်ထပ်စာကြည့်တိုက် တခုကို တည်ထောင်ပြန်သည်။ သို့သော် ထိုစာကြည့်တိုက်များ ပျက်စီးသွားပြီးနောက် ၁၅၉၈ ခုနှစ်တွင် ဗော့ဒလီယန် စာကြည့်တိုက်ကို တည်ထောင်ပြန်၏။ ထိုအခါမှစ၍ စာအုပ်စာတမ်းများကို စုဆောင်းလာခဲ့ရာ ယခုအခါ ပုံနှိပ်စာအုပ်ပေါင်း ၁,၂၅၀,၀၀၀ လက်ရေး စာမူပေါင်း လေးသောင်းခန့် ရှိနေပြီဖြစ်၏။ ဤစာကြည့်တိုက်ရှိ အရှေ့တိုင်း စာပေဆိုင်ရာ လက်ရေးစာမူများသည် ဥရောပတိုက်ရှိ အခြားစာကြည့်တိုက်များရှိ စာမူများထက်များစွာ သာပေသည်။ ပုံနှိပ်အတတ်ပေါ်စက ရိုက်နှိပ်ထားသော စာအုပ်များ၊ စာပေသမိုင်းနှင့် နိုင်ငံရေး သမိုင်းဆိုင်ရာ စာမူများသည်လည်း မည်သည့် စာကြည့်တိုက် နှင့်မျှ မယှဉ်သာအောင် များစွာရှိလေသည်။ ထရင်နီတီ ကောလိပ်ကျောင်း စာကြည့်တိုက်တွင် ပုံနှိပ်စာအုပ်ပေါင်း တသိန်းကျော်နှင့် လက်ရေးစာမူပေါင်း ၂၀၀၀ ကျော်ခန့် ရှိ၏။ ထို့အပြင် သီးသန့် ရှာဖွေစုဆောင်းထားသော စာအုပ်များလည်း ရှိသေးသည်။ ထိုအထဲတွင် ရှေးခေတ်ပြဇာတ်များ၊ ရှိတ်စပီးယားပြဇာတ်များ၊ ဂျာမန်ဗြဟဒေဝ ဆိုင်ရာစာအုပ်များ၊ ပုံနှိပ်အတတ်ပေါ်စက ရိုက်နှိပ်ထားသော စာအုပ်များ ပါဝင်လေသည်။ ထို့အပြင် သက္ကဋနှင့် အခြားအရှေ့တိုင်း ဘာသာရပ်များဖြင့် ရေးထားသော လက်ရေးစာမူ၏ စာအုပ်စာရင်းကတ်တလောက်များလည်း ရှိသည်။ ကိန်းဘရစ်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၄၃ ခုနှစ်တွင် စာအုပ်ပေါင်း တသန်းခွဲ နှင့် မတည်ဖွင့်လှစ်ခဲ့၏။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိနိုင်ငံတော် စာကြည့်တိုက်သည် ၁၄ ရာစုနှစ်က စတင်တည်ထောင်ခဲ့၏။ ထိုစာကြည့်တိုက်ရှိ စာအုပ်များမှာ ထိုခေတ်ကစ၍ စုဆောင်းခဲ့သော စာအုပ်များ ဖြစ်လေသည်။ ရောမမြို့ရှိ ဗက်တီကင်စာကြည့်တိုက်ကို ၁၅ ရာစုနှစ်က တည်ထောင်ခဲ့၏။ ထိုစာကြည့်တိုက်တွင် အဖိုးတန်သော စာမူများ၊ နိုင်ငံသမိုင်း အတွက် အထောက်အထားပြုနိုင်မည့် စာအုပ်များစွာ ရှိသည်။ ဝါရှင်တန်မြို့ရှိ ကွန်ကရက်စာကြည့်တိုက်နှင့် လီနင်ဂရက်မြို့ရှိ နိုင်ငံတော်စာကြည့်တိုက်များသည်လည်း ထိုနည်းတူပင် ဖြစ်၍ ထင်ရှားလေသည်။

# *ယခုခေတ်စာကြည့်တိုက်များ*[ပြင်ဆင်ရန်]

ယခုခေတ်စာကြည့်တိုက်များသည် ရှေးခေတ်စာကြည့်တိုက်များကဲ့သို့ မဟုတ်ချေ။ စာကြည့်တိုက်တွင်းသို့ မည်သူမဆို ဝင်ထွက်သွားလာနိုင်၍ စာအုပ်များ ငှားရမ်းနိုင်လေသည်။ ယင်းကဲ့သို့သော စာကြည့်တိုက်များ ပေါ်ပေါက်လာသည်မှာ မကြာလှသေးပေ။ ထိုစာကြည့်တိုက် တခုခုမှ စာအုပ်များကို ငှားရမ်းလိုသောအခါ ရှေးဦးစွာ စာကြည့်တိုက်မှ ထုတ်ပေးသော လက်မှတ်ကတ်ပြားတခုကို ရအောင်တောင်းယူရသည်။ ထိုကတ်ပြား ရရန်မှာ သက်ဆိုင်ရာဥပဒေ စည်းကမ်းများကို ရိုသေလိုက်နာပါမည်ဟူ၍ လက်မှတ်ရေးထိုး၍လည်းကောင်း၊ အာမခံ ပုဂ္ဂိုလ်တဦးဦး၏ ထောက်ခံချက်လက်မှတ်ဖြင့်လည်းကောင်း၊ လျှောက်ထားတောင်းဆိုနိုင်သည်။ လက်မှတ်ကတ်ပြားရလျှင် ယင်းကို ပြလျက် စာအုပ်များကို ထုတ်ယူနိုင်၏။ ယခုခေတ် စာကြည့်တိုက်များတွင် အလိုရှိသော စာအုပ်များကို လွယ်ကူစွာ ရှာဖွေနိုင်ရန်အတွက် နည်းများထွင်ထားသည်။ ယင်းတို့အနက် အကောင်းဆုံးဟု ဆိုရမည့်နည်းမှာ စာရေးဆရာအမည်၊ စာအုပ်အမည်နှင့် အကြောင်းရပ်ကို အက္ခရာစဉ်အတိုင်း ရေးထားသော စက္ကူကတ်ပြား ကတ်တလောက်ထားရှိခြင်းပင် ဖြစ်၏။ စာအုပ်တအုပ်ကို အလိုရှိလျှင် စာရေးသူ၏ အမည်ကိုသိထားလျှင် ထိုအမည်ကို စာအုပ်စာရင်း ကတ်တလောက်တွင် ရှာယူရသည်။ တွေ့ရှိသောအခါ အမည်၏အောက်တွင် အလိုရှိသော စာအုပ်သာမက သူရေးသော အခြားစာအုပ်အမည်များကိုလည်း တွေ့နိုင်ပေသေးသည်။ အကြောင်းရပ်တွင်လည်း ထိုအတူပင် ဖြစ်၏။ ပမာအားဖြင့် ကျယ်ဝန်းနက်နဲသော အနုမြူ၏အကြောင်းရပ်ကို ဖတ်ရှုလိုလျှင် အကြောင်းဆိုင်ရာ ကတ်တလောက်မှ အနုမြူခေါင်းစဉ်ကို ရှာဖွေရသည်။ ယင်းခေါင်းစဉ်အောက်တွင် အနုမြူအကြောင်းပါဝင်သော စာအုပ်အမည်များကို ဖော်ပြထားသည်။ ထိုအထဲမှ အလိုရှိသော စာအုပ်ကို ငှားရမ်းနိုင်သည်။ ယခုခေတ် စာကြည့်တိုက်များတွင် ထိုသို့ငှားရမ်းနိုင်သည့် စာအုပ်များသာမက၊ ငှားရမ်းခွင့်မပြုသော အကိုးအကားပြုရန် စာအုပ်များနှင့် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများကိုလည်း ထားရှိသေးသည်။ အချို့စာကြည့်တိုက်များသည် ထိုမျှမကသေးဘဲ ဟောပြောပွဲများနှင့် စာအုပ်ပြပွဲများ စသည်တို့ကို မကြာခဏ ပြုလုပ်လေ့ရှိသည်။ ယင်းသို့အားဖြင့် စာကြည့်တိုက်အတွင်းရှိ စာအုပ်များကို ငှားရမ်းဖတ်ရှုလိုစိတ် ပေါ်လာစေနိုင်သည်။ အချို့စာကြည့်တိုက်တွင် ကလေးများနှင့် သင့်လျော်သော စာအုပ်များထားရှိကာ ကလေးစာကြည့်တိုက်များတွင် နိုင်ငံခြားသားများနှင့် မျက်မမြင်များအတွက်စာအုပ်များ သီးသန့်စုဆောင်းထားရှိသည်။ ဤကဲ့သို့သော ယခုခေတ်စာကြည့်တိုက်များတွင် စာကြည့်တိုက်အမျိုးမျိုးရှိလေသည်။ ယင်းတို့မှာ နိုင်ငံတော်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက် တို့ဖြစ်၏။ နိုင်ငံတော်စာကြည့်တိုက်တွင် ရှေးဟောင်းစာအုပ်စာတမ်းများ၊ လက်ရေးမူများ၊ ယဉ်ကျေးမှုဆိုင်ရာ စာရွက်စာတမ်းများနှင့် ခေတ်ပေါ်ဂန္ထဝင်စာပေများကို စုဆောင်းထားရှိ၏။ ယင်းစာကြည့်တိုက်မှ စာအုပ်စာတမ်းများကိုမူ ပြင်ပသို့ ငှားရမ်းခြင်းမပြုချေ။ စာကြည့်တိုက်အတွင်း၌သာ ကြည့်ရှုရသည်။ ပြည်သူ့စာကြည့်တိုက်များတွင်မူ အဖိုးတန်စာအုပ်စာတမ်းများအပြင် ခေတ်ပေါ်မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ စသည်များလည်း ထားရှိကာ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် ထိုစာအုပ်များကိုလည်း သတ်မှတ်ထားသော စည်းကမ်းချက်များအရ ငှားရမ်းနိုင်သည်။ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသားများနှင့် ဆရာများအတွက် ဘာသာရပ်များဆိုင်ရာ သင်ခန်းစာများတွင် အထောက်အပံ့ရမည့် စာအုပ်စာတမ်းများကို အများဆုံးထားရှိ၏။

ခေတ်အလျောက် ပြဋ္ဌာန်းထားသော ဘာသာရပ်များနှင့် ခေတ်သစ်သင်နည်းများကို လိုက်စားနိုင်ရန် စာသင်ကျောင်းများတွင် စာကြည့်တိုက်များ ထားရှိ၏။

## *ကျောင်းစာကြည့်တိုက်*[ပြင်ဆင်ရန်]

စာကြည့်တိုက်တခုသည် ကျောင်းအဆောက်အအုံတွင်း၌ ရှိနေသော်လည်း ဆရာများနှင့် ကျောင်းသားများအတွက် ထိထိရောက်ရောက် အကျိုးရှိအောင် စီမံဆောင်ရွက်ပေးနိုင်မှသာ ကျောင်းစာကြည့်တိုက်ဟု ဆိုထိုက်၏။ ကျောင်းစာကြည့်တိုက် တည်ထောင်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ သင့်လျော်မည့်နေရာ၊ အရည်အခြင်းပြည့်၍ ဝတ္တရားကျေပွန်မည့် စာကြည့်တိုက်မှူးနှင့် သင့်တော်မည့် စာအုပ်များ ရရှိရေးတို့အတွက် ငွေကြေးအကုန်အကျခံ၍ ကြိုးပမ်းဆောင်ရွက်ရပေသည်။ ကျောင်းစာကြည့်တိုက်များသည် ပညာရေးဖက်တွင် မည်မျှအကျိုးရှိစေသည်ကိုသိရှိသော အချို့နိုင်ငံများသည် ဥပဒေများ ပြဋ္ဌာန်းလျက် ကျောင်းစာကြည့်တိုက် တည်ထောင်ရေးကို ကူညီ ခဲ့ကြသည်။ တက္ကသိုလ်စာကြည့်တိုက်သည်လည်း ကျောင်းစာကြည့်တိုက်ကဲ့သို့ပင် ဖြစ်၏။ ကလေးစာကြည့်တိုက်မှာမူ ကလေးများနှင့် သင့်လျော်သော စာအုပ်စာတမ်းများသာ ထားရှိသည်။ နေရာအနှံ့အပြားရှိ ပြည်သူလူထုလက်သို့ စာအုပ်များရောက်ရေး၊ စာဖတ်ဦးရေတိုးတက်ရေးတို့ကို နယ်လှည့် စာကြည့်တိုက်က ဆောင်ရွက်လေသည်။

## *မြန်မာနိုင်ငံစာကြည့်တိုက်*[ပြင်ဆင်ရန်]

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် မြန်မာမင်းများလက်ထက်ကပင် စာကြည့်တိုက်များ ထွန်းကားခဲ့သည်။ သထုံပြည်၌ ပိဋကတ် သုံးပုံအစုံကို ရွှေစာရံဘုရားတံတိုင်းအတွင်း ပိဋကတ္တယစေတီဟု သမုတ်၍ ဥမင်၌ထားရှိကြောင်းကို သိရ၏။ ထို့နောက် ပုဂံခေတ်တွင် အနော်ရထာစာကြည့်တိုက်ဟုခေါ်သော ဘုံငါးဆင့်ရှိ ပိဋကတ်အုတ်တိုက်ရှိခဲ့သည်။ ထိုပိဋကတ်များမှအစပြု၍ ဘုန်းတော်ကြီးကျောင်း များသို့ ပျံ့နှံ့ခဲ့သည်မှာ ယခုခေတ်အထိဖြစ်သည်။ ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားလက်ထက်တွင် စီမံပုံမှာ စာကြည့်တိုက်များကို အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့စေအောင် ဘုရင်မင်းမြတ်ကိုယ်တိုင် အားပေးကြောင်းတွေ့ရသည်။ ယင်းမှာ ဆေးကျမ်း၊ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်းမှစ၍ လောကီကျမ်းများကို သက္ကဋ္ဌဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ ပိဋကတ်တော်အစုံကို ပေထက်အက္ခရာတင်၍ စောင်ရေ ၅၀ နီးပါးမျှကို အမြို့မြို့အနယ်နယ်သို့ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့လေသည်။ ရှေးအခါက တိုင်းပြည်၏ကလေးသူငယ်များအား အခြေခံစာသင်ကြားပေးရာဌာန ဖြစ်သည့် ဘုန်းတော်ကြီး ကျောင်းတိုင်း၌လိုလိုပင် စာကြည့်တိုက်များရှိသည်။ ထိုစာကြည့်တိုက်များ၌ ပေစာ၊ ပုရပိုက်၊ စာအုပ်များ စသည်တို့ကို စာတိုက်စုခေါ်သော ဇာတ်စုံသေတ္တာများတွင် ထည့်၍ ထားလေ့ရှိသည်။ ယင်းတို့ကို ဘုန်းတော်ကြီးများ၏ ခွင့်ပြုချက်အရ အခမဲ့ထုတ်ယူကြည့်နိုင်သည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်စိုးသည့်အခါ အနောက်နိုင်ငံစံနစ်များကို ယူဆောင်လာခဲ့ကြ၏။ ထိုစံနစ်များတွင် စာကြည့်တိုက်လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်သည်။ ၁၈၈၃ ခုနှစ် (မြန်မာ ၁၂၄၅ ခုနှစ်) ၌ အောက်မြန်မာနိုင်ငံမင်းကြီး ဆာချားဗားနတ်က ရန်ကုန်မြို့တွင် ပထမဆုံး ပြည်သူ့စာကြည့်တိုက်ကို တည်ထောင်ခဲ့သည်။ တည်ထောင်သည့် ပုဂ္ဂိုလ်အားအစွဲပြု၍ ထိုစာကြည့်တိုက်ကို ဗားနတ်ပိဋကတ်တိုက်ဟု ခေါ်တွင်ကြသည်။ ထိုစာကြည့်တိုက်ကို အစိုးရပညာရေး ဆင်ဒီကိတ်အဖွဲ့က စီမံအုပ်ချုပ်၏။ အဖိုးတန်စာအုပ်များကို ပထမဆုံးလှူဒါန်းသူများမှာ တရားဝန်ကြီးဂျာဒင်းနှင့်

ပါဠိပါမောက္ခချီလဒါတို့ဖြစ်သည်။ ရန်ကုန်မြို့မှ ဦးမြို့နှင့်ဦးမျှင်တို့က ငွေတသောင်းတန်ပေမူ၊ ပုရပိုက်မူများကို ရေစက်ချ၍ လှူဒါန်းကြသည်။ နောက်တွင် ကင်းဝန်မင်းကြီး ပေပုရပိုက်စုနှင့် ပုဂံဝန်ထောက်မင်း ဦးတင်၏ ပေပုပိုက်များကို ဗားနတ်ပိဋကတ်တိုက်ကို ဝယ်ယူခဲ့၏။ ၁၉၂၃ ခုနှစ်ခန့်တွင် ဗားနတ်ပိဋကတ်တိုက်ကို အစိုးရက ဗားနတ်ပိဋကတ်တိုက် အုပ်ချုပ်ရေးအဖွဲ့သို့ လွှဲအပ်ခဲ့သည်။ နှစ်စဉ် ငွေကြေးအထောက်အပံ့လည်းပေးသည်။ ထိုနောက်၌ ရန်ကုန်မျူနီစီပယ်က ထောက်ပံ့ကြေးနှစ်စဉ် ချီးမြှင့်လေသည်။ ထိုစာကြည့်တိုက်အပြင်စစ်တွေမြို့၌ စလေဒင်စာကြည့်တိုက်ဟူ၍လည်း ရှိခဲ့ဘူးသည်။

၁၉၁၀ ခုနှစ်ခန့်တွင် မြို့နယ်အနှံ့အပြား၌ စာကြည့်တိုက်များ ပေါ်ပေါက်လာသည်။ တိုင်းသူပြည်သားများသည် လွတ်လပ်ရေးဝံသာနုလုပ်ငန်း များတွင် ပါဝင်လာကြသည်။ ဝိုင်၊အမ်၊ဘီ၊အေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ သုစရိတယုဝအသင်းအစရှိသည်တို့ ပေါ်ပေါက်လာ၏။ ထိုအသင်းများနှင့်အတူ စာကြည့်တိုက်များလည်း ပြန့်ပွားလာလေသည်။ ၁၉၂၅ ခုနှစ်ခန့်ကစ၍ စာကြည့်တိုက်လုပ်ငန်းသည် အားစည်လာ၏။ ထိုအခါက မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းက စာကြည့်တိုက်များ ထွန်းကားရေးကို အားထုတ်သည်။ ထိုအသင်းတည်ထောင်သူ တဦးဖြစ်သည့် မစ္စတာဖာနီဗယ်ကလည်း စာကြည့်တိုက်အများတည်ထောင်ကြရန် ဟောပြောလေသည်။ သို့ဖြင့်စာကြည့်တိုက်အများပေါ်ပေါက်လာရာ နိုင်ငံတော်အစိုးရက ငွေကြေးထောက်ပံ့ခဲ့လေသည်။ ၁၉၂၅ ခုနှစ်မှ ၁၉၃၃ ခုနှစ်အထိ ၈ နှစ်အတွင်း စာကြည့်တိုက်များသို့ ပျမ်းမျှကြေးငွေ တနှစ်လျှင် ၁၀၀၀၀ ကျပ်မျှ အစိုးရ ထောက်ပံ့ခဲ့၏။ ၁၉၃၆ ခုနှစ်တွင် မြန်မာပြည်အရပ်ရပ်၌ လူထုစာကြည့်တိုက်ငယ်ပေါင်း ၁၈၆ တိုက်ရှိရာ စာကြည့်တိုက် ၁၄၆ တိုက်သည် အစိုးရ၏ ထောက်ပံ့ကြေး များကို ရခဲ့ကြ၏။ ကျေးလက်ပြုပြင်ရေးအသင်း၊ လူငယ်များကြီးပွားရေးအသင်းများက ကြိုးပမ်းခဲ့သဖြင့် ကျေးရွာစာကြည့်တိုက်ပေါင်း တထောင်ခန့်အထိ တိုးတက်ခဲ့သည်။ ဦးဖိုးကျား၊ ဦးဆန်နီ အစရှိသော ပုဂ္ဂိုလ်ကြီးများက စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ စာကြည့်တိုက်များ အရေအတွက် ဆုတ်ယုတ်သွားသည်။ သို့သော် စစ်ပြီးကာလ၌ ရန်ကုန်မြို့တွင် ယခင်ကထက် စာကြည့်တိုက်များ ပိုမိုများပြားသည်ကို တွေ့ရ၏။ မြို့နယ်များ၌မူကား စာကြည့်တိုက်များ အရေအတွက် နည်းပါးလျက်ရှိသေးသည်။ နိုင်ငံတော် လွတ်လပ်ပြီးသည့်ခေတ်တွင် စာကြည့်တိုက်လုပ်ငန်းများ ထူးထူးခြားခြား တိုးတက်လာသည်ကို မတွေ့ရသေးချေ။ သို့သော် နိုင်ငံတော်အစိုးရက ပြန်ကြားရေးဌာနခွဲများနှင့်အတူ အစိုးရစာဖတ်ခန်းများကို အမြို့မြို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့တွင် ယခင်ဗားနတ်ပိဋကတ်တိုက်ကို အစိုးရသို့ ပြန်အပ်၍ မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော် စာကြည့်တိုက်အဖြစ်ဖြင့် ၁၉၅၂ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ထိုဝန်ကြီးဌာနကပင် မြို့ကြီးများ၌ ပြည်သူ့စာကြည့်တိုက်များကို ဖွင့်လှစ်ရန်အားထုတ်နေသည်။ ယခုအခါ မန္တလေးနှင့် မော်လမြိုင်မြို့တို့တွင် စာကြည့်တိုက်နှစ်တိုက်ဖွင့်ပြီး ဖြစ်သည်။ [[မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း]]ကလည်း စာကြည့်တိုက်လုပ်ငန်း တိုးတက်မှုကို ရှေးရှုလျက် စာကြည့်တိုက် သင်တန်းများကို ၁၉၅၃ ခုနှစ် အောက်တိုဘာလက စတင်သင်ကြားပို့ချလျက်ရှိသည်။ ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ပြတိုက်မှူးသင်တန်းကို ၁၉၅၅ ခုနှစ် ဇူလိုင်လကစ၍ သင်ကြား ပို့ချလျက်ရှိသည်။ ။